ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ စနေနေ့ (31-12-2011) (၆၉၉၀)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

## ပညာရေးဝန်ကြီးဌာန၏ ၂၀၁၁ - ၂၀၁၂ ပညာသင်နှစ် ထူးချွန်ဆုများချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပညာရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆုများချီးမြှင့်သည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာထူးချွန်လူရည်မွန်သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ပထမရရှိသောရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ရွှေရည်ထွန်း၊ ဒုတိယရရှိကြသော သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအခြေခံပညာအထက်တန်းကျောင်းမှ မယမင်းအေးနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မရည်မွန်လွင်နှင့် တတိယရရှိသော ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟန်ဝင်းထွန်း အပါအဝင် **စာမျက်နှာ ၈ ကော်လံ ၃ သို့◆**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်စဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၁)ကျင်းပ**
ပြည်တွင်းသတင်း စာမျက်နှာ - ၃

**မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ**
ပြည်တွင်းသတင်း စာမျက်နှာ - ၆

**ရုရှားလုပ် ဆူခိုင်းတိုက်လေယာဉ်များ အင်ဒိုနီးရှား ဝယ်ယူရန်စီစဉ်**
နိုင်ငံတကာသတင်း စာမျက်နှာ - ၅

**ပရီမီယာလိဂ် အမှတ်ပေးဖလားအတွက် မန်စီးတီး လူစာရင်းအတောင့်တင်းဆုံးဖြစ်**
အားကစားသတင်း စာမျက်နှာ - ၅

**၂၀၁၂ ခုနှစ် ကမ္ဘာ့ဖြစ်စဉ် အပြောင်းအလဲများကို မျှော်တွေးခြင်းများ**

၂၀၁၁ ခုနှစ် ကုန်ဆုံး၍ ၂၀၁၂ ခုနှစ်အတွင်း ဝင်ရောက်ရန် ဟန်ပြင်နေသည်နှင့်အမျှ ၂၀၁၂ ခုနှစ် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ အပြောင်းအလဲများကို တင်ကူးသုံးသပ်ချက်များလည်း ပေါ်ထွက်

ဗျည်းနွဲ့၏ “မျှော်တွေးရှုမြင် ကမ္ဘာတစ်ခွင်ကို စာမျက်နှာ ၄ တွင် ဖတ်ရှုနိုင်ပါသည်”

# ၂၀၁၂ ခုနှစ် သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ် တရုတ်နိုင်ငံ၌ လေ့လာခွင့်ရမည်

အင်တာနက် အာကာသသိပ္ပံသတင်း

***နန်ကျင်း ဒီဇင်ဘာ ၃၀***

*၂၀၁၂ ခုနှစ် ဇွန်လအတွင်း နေနှင့် ကမ္ဘာအကြားမှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်ကို တရုတ်နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ အပြည့်အဝတွေ့မြင်နိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက် အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။*

*နေနှင့် ကမ္ဘာအကြားမှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်ကို နောက်တစ်ဖန်တွေ့မြင်ရန် နှစ်ပေါင်း ၁၀၅ နှစ် ထပ်မံစောင့်ဆိုင်းရမည်ဖြစ်ရာ မြင်တောင့်မြင်ခဲ အာကာသဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ပြောကြားသည်။*

*နေ၏ မျက်နှာစာရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်သည် ကမ္ဘာပေါ်၌ တွေ့မြင်ရတတ်သည့် လကြတ်မှုဖြစ်စဉ်နှင့် အလားတူဖြစ်ပြီး နေနှင့် ကမ္ဘာအကြားမှ သောကြာဂြိုဟ်ဖြတ်သန်းချိန်တွင် ဖြစ်ပေါ်တတ်သည်။*



*နေနှင့် ကမ္ဘာအကြားမှ သောကြာဂြိုဟ်ဖြတ်သန်းချိန်အတွင်း နေ၏ မျက်နှာပြင်ပေါ်မှ ဖြတ်သန်းသွားသည့် အမည်းစက်ငယ်တစ်ခုကို လူသားတို့အနေဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နန်ကျင်းမြို့ ခရမ်းရောင်တောင်ကုန်းနက္ခတ္တဗေဒလေ့လာရေးစခန်းမှ ပညာရှင်တစ်ဦးက ပြောကြားသည်။* ***စာမျက်နှာ ၈ ကော်လံ ၁ သို့☆***

***သောကြာဂြိုဟ်၏ ပုံရိပ်ကို လက်ရှိတွင် ဤသို့တွေ့မြင်ရပြီး လာမည့်နှစ် ဇွန်လတွင် နေနှင့် ကမ္ဘာအကြား ဖြတ်သန်းသည့်အခါ အသွင်တစ်မျိုးဖြင့် မြင်ရဖွယ်ရှိသည်။***

ကြေးမုံ စာတည်းရှုထောင့် ၃၁-၁၂-၂၀၁၁ [စနေနေ့]။

# မြန်မာ့ယဉ်ကျေးမှုကို မြေခင်း-ခြေမနင်းကြပါနှင့်

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် မြန်မာစာဌာနတွင် ဆရာတစ်ဦး ရှိခဲ့ဖူးသည်။ ဆရာသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူဖြစ်သကဲ့သို့ သူ၏တပည့်များကိုလည်း တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရေးအတွက် အမြဲတစေဆုံးမလေ့ရှိသည်။ ထိုအထဲမှ ဆရာ၏စကားစုလေးက နှစ်ပေါင်း ၄၀ ကျော် ကြာခဲ့သော်လည်း မှတ်မှတ်ရရရှိနေဆဲဖြစ်သည်။

မြန်မာပြည်ကို သစ္စာဖောက်၊ လောက်ကောင်မဖြစ်စေနဲ့
မြန်မာ့မျက်နှာကို ကြိုးဆွဲတုပ်၊ အိုးမဲသုတ်သူမဖြစ်စေနဲ့
မြန်မာ့ခြံစည်းရိုးကို ထက်ပိုင်းချိုး၊ ထင်းမီးထိုးသူမဖြစ်စေနဲ့
မြန်မာ့ယဉ်ကျေးမှုကို မြေခင်း၊ ခြေနဲ့နင်းသူမဖြစ်စေနဲ့

------ ဆိုသည့် စကားစုလေးပင်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေသည့်ကာလဖြစ်သည်။ "အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေး" သည် အရေးအကြီးဆုံး အဓိကကျသောအခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။ ဒီမိုကရေစီကို ဖော်ဆောင်ရာတွင်လည်း ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော ဥပဒေနည်းလမ်းတကျ လွတ်လပ်စွာ ရေးသား၊ ပြောဆို၊ လုပ်ကိုင်ခွင့်များရရှိလာတော့မည်။ စီးပွားရေးတံခါးဖွင့်ဝါဒကိုလည်း ဆက်လက်ကျင့်သုံးလျက်ရှိသည်။ ထိုစီးပွားရေးတံခါးဖွင့်ဝါဒကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ ဝင်ရောက်ကာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို လာရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။ တိုင်းတစ်ပါးမှ ရင်းနှီးမြှုပ်နှံမှုကို လက်ခံသော်လည်း တိုင်းတစ်ပါးယဉ်ကျေးမှုကိုတော့ လက်မခံလိုပါ။ အရိုးကိုအရွက် မဖုံးသည့်ခေတ်မီရေးသာဖြစ်သင့်ပါသည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးကို နိုင်ငံသားတိုင်း တွဲလက်ညီညီ အင်တိုက်အားတိုက်ဆောင်ရွက်ကြရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ရုပ်ရှင်အနုပညာမှနေ၍ ကိုရီးယားယဉ်ကျေးမှုများ လွှမ်းမိုးလျက်ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရသည်။ ကိုရီးယားအကျင့်စရိုက်၊ ဝတ်စားဆင်ယင်မှု၊ အပြုအမူများကို ပုံတူကူးချနေခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို ဖျက်ဆီးပစ်နေသကဲ့သို့ ဖြစ်နေသည်။ ယနေ့ကာလသည် နိုင်ငံတကာအသိုင်းအဝိုင်းပေါင်းစုံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ စီးပွားရေးရင်းနှီးမြှုပ်နှံတော့မည်ဖြစ်ရာ မြန်မာနိုင်ငံသားများအနေဖြင့် တိုင်းပြည်၏ စီးပွားရေးအတွက် နိုင်ငံတကာစီးပွားရေးအသိပညာအတတ်ပညာများကိုသာ အတုယူသင့်ပြီး မိမိအမျိုးသားယဉ်ကျေးမှုအပေါ် တစ်ပါးသောယဉ်ကျေးမှု မလွှမ်းမိုးနိုင်စေဖို့တော့ အထူးဂရုပြုရမည့်ကာလဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ မြန်မာ့စာပေ၊ မြန်မာ့ရုပ်ရှင်၊ မြန်မာ့သဘင်၊ မြန်မာ့ဂီတ၊ မြန်မာ့အနုပညာကို အနုပညာလောကသားအားလုံးက မိမိအကျိုးစီးပွား ကြီးပွားဖြစ်ထွန်းရေးအတွက် မိမိအကျိုးတစ်ခုတည်းသာ မကြည့်ကြဘဲ မြန်မာတစ်မျိုးသားလုံး၏အကျိုးကို မျှော်ကြည့်ကာ အမျိုးသားယဉ်ကျေးမှု မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ HECC မှ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့ ခေါင်းဆောင်သောအဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan Province Economic Chamber of Commerce (HECC) မှ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး Mr.Wang Laisheng ခေါင်းဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့ပြဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုမှုနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင်နှင့် ဦးကျော်လွင်၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ချင်းပြည်နယ် ဟားခါးမြို့နယ် အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဟားခါးမြို့နယ် ခွာပီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်နှင့် ခွာပီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟဲဝုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးဗန်ထောင်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးရမ်မန်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးသည် အဓိက ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ၁၀၂ ပေနှင့် အနံ ၂၂ ပေရှိ အုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး နိုင်ငံတော်မှ ပံ့ပိုးငွေကျပ်သိန်း ၇၀၊ အလှူရှင်နှင့် ပြည်သူလူထု ထည့်ငွေကျပ် ၄၁၇ သိန်း စုစုပေါင်း ၄၈၇ သိန်း ကုန်ကျကြောင်း သိရသည်။ (သတင်းစဉ်)

## ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံ University of Thai Chamber of Commerce (UTCC)မှ Director of International College, Dr. Jakarin Srimoon, Ph.D (Business Administration) ၏ "Leadership in the era of Globalization "ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၅)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချီ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၅)၊ အမှတ်(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် နိုင်ငံတကာသတင်း၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားဟာသကဏ္ဍနှင့် တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

အဆိုပါဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဝန်ထမ်းများအခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ ဝန်ထမ်းများ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၂-၂၀၁၁ (စနေနေ့)

(အပိုင်း-၄၆)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၁၇)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မြားနှစ်စင်း၏ချစ်ခြင်းဆုံမှတ် (ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား**

**ညပိုင်း**

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၇။ ကုန်သွယ်သုတ
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ စားဖို့ဆောင်ချစ်သူ
၆း၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၂)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ လူရွှင်တော်စတား
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍(အပိုင်း-၂၅)**
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၈)**



**ဒီဇင်ဘာ ၁၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၀) အခြေခံပညာ အလယ်တန်းကျောင်း ထ(၂)ခွဲ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘ/ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရရှိသော မအင်ကြင်းခင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၅၈၀၀ | ၀. ၀၃၁၆၇ |
| တရုတ် (ယွမ်) | ၆. ၂၉၄၀ | ၀. ၁၅၈၈၇ |
| အိန္ဒိယ (ရူပီး) | ၅၃. ၀၆၅၀ | ၀. ၀၁၈၈၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၉၉၀ | ၀. ၃၁၅၅၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၆၆၄ | ၀. ၇၇၁၂၃ |
| ဂျပန် (ယန်း) | ၇၇. ၁၇၉၀ | ၀. ၀၁၂၉၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၈. ၆၉ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၇၀၄၁ | ၁. ၂၉၈၈၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၃၃၆ | ၁. ၅၅၄၃၄ |

*အင်တာနက်။*

## အဆင့်မြင့်လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်(၁၀) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower Level (5) အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ထူးချွန်စွာအောင်မြင်သည့် သင်တန်းသူ မသက်သက်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ သင်တန်းအပတ်စဉ်(၁၃)ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၁)ကျင်းပ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃၀

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၁)ကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်၊ ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်ပေးရေး၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဒုတိယငါးနှစ်စီမံကိန်း အတည်ပြုရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

## အမှာစကား ပြောကြား

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၁)တွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုအခါ ပိုမိုအလေးထားဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် မျှမကြာမီကာလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဖွဲ့စည်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအနေဖြင့် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အချိန်အတိုင်းအတာတစ်ခုအတွင်း အပိုင်းလိုက်လျှော့ချသွားမည်ဖြစ်သည်။ တစ်ချိန်တွင် ပြည်တွင်းလိုအပ်ချက်လောက်သာ အနည်းဆုံးထုတ်ယူသုံးစွဲသွားမည်ဖြစ်သည်။

နောင်နှစ်အနည်းငယ်အတွင်း ကုန်ကြမ်းရောင်းချခြင်းကို လုံးဝရပ်တန့်သွားမည်ဖြစ်ပြီး သစ်ကိုအခြေခံသော စက်မှုလုပ်ငန်းကို အားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအချိန်တွင် သစ်တောဧရိယာသည် တစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းသာ ကျန်ရှိပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ၃၀ ရာခိုင်နှုန်းပြည့်မီရေးအတွက် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများကို နည်းလမ်းတကျ တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာသင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာသင်တန်းအမှတ်စဉ် (၃/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးငွေအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ထူးချွန်ဆုရရှိသူ သုံးဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။ ဆက်လက်၍ သင်တန်းနည်းပြ ASIA Master သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်လွင်အား ဦးဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းကျောင်း ASIA Master ကျောင်းအုပ်ကြီးက သင်တန်းနှင့် စပ်လျဉ်းသည်များကို အကြံပြုဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ပထမအကြိမ်တွင် ၂၄ ဦး၊ ဒုတိယအကြိမ်တွင် ၃၄ ဦး၊ တတိယအကြိမ်တွင် ၂၄ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင် အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာသင်တန်းအမှတ်စဉ် (၃/၂၀၁၁)တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးကျော်ဆန်း-ဒေါ်ခင်မြမြ မိသားစုက ဦးကျော်ဆန်း၏ (၉၀)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး လူနာခန်း တစ်ခန်းအတွက် အလှူငွေကျပ် ၃၆ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ တရုတ်ကုန်သည်ကြီးများအသင်း နှစ်သစ်ကူးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ မြန်မာပြည် တရုတ်ကုန်သည်ကြီးများ အသင်းမှ အသင်းဝင် ၁၂၀ တို့က နှစ်သစ်ကူးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါရိပ်သာကြီး စိန်ရတုအထူးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တရုတ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ မစ္စတာ လွီတက်ရှင်းက လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘိုးဘွားများအတွက် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တရုတ်ကုန်သည်ကြီးများအသင်းမှ စေတနာရှင်တစ်ဦးက နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးစီမံချက်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၁၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးစီမံချက်အရ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်သန်းဦးက မြို့နယ်လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ဝင်များအား ဒီဇင်ဘာ ၁၅ ရက်က လည်းကောင်း၊ မြို့ပေါ်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဒီဇင်ဘာ ၁၆ ရက်က လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)



# ပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်ဝေလိုက်သည့် TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၃)၊ အမှတ်(၁)ကို ဆိုဒ်အသစ်၊ လိုဂိုအသစ်၊ ပုံစံအသစ်၊ ဒီဇိုင်းအသစ်၊ စာမျက်နှာအသစ်များဖြင့် ယနေ့တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MRTV-4 ရုပ်သံလိုင်း၏ ၂၀၁၁ ခုနှစ်အတွင်း ထူးခြားသော ထုတ်လွှင့်မှုများ၊ ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာတစ်လွှားထူးခြားဖြစ်စဉ်များ၊ (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အတွေ့အကြုံများ အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ အပြင် မြဝတီရုပ်သံလိုင်း၏ ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850, 391186), Market Care (01-223973, 09-73073029) တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

မြော် တွေး ရှု မြင် က မ္ဘာ တစ် ခွင်
မြော် တွေး ရှု မြင် က မ္ဘာ တစ် ခွင်
မြော် တွေး ရှု မြင် က မ္ဘာ တစ် ခွင်

# ၂၀၁၂ ခုနှစ် ကမ္ဘာ့ဖြစ်စဉ်အပြောင်းအလဲများကို မြော်တွေးခြင်းများ

**၂၀၁၁ ခုနှစ်ကို စတင်ရေတွက်ချိန်တွင် အယ်လ်ခိုင်ဒါကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင် သက်ရှိထင်ရှားရှိဆဲ၊ အမေရိကန်တပ်ဖွဲ့များသည်လည်း အီရတ်စစ်မြေပြင်၌ တိုက်ပွဲဝင်နေရဆဲ၊ အီရန်နိုင်ငံကလည်း အမေရိကန်ပြည်ထောင်စု၏ နည်းပညာအဆင့်မြင့် မောင်းသူမဲ့လေယာဉ်များကို အမိဖမ်းရန် စိတ်ကူးယဉ်ဆဲဖြစ်သည်။**

သို့ရာတွင် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်း၌ ဖြစ်စဉ်အရာရာအားလုံး ကမောက်ကမ အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၏ သမားရိုးကျ စစ်ရေးစီမံချက်များ တစ်စတစ်စ ပျောက်ကွယ်လာသည်နှင့်အမျှ လက်သီးပုန်းစစ်ပွဲများလည်း တဖြည်းဖြည်းထွက်ပေါ်လာသည်။ ယခင်က လျှို့ဝှက်ထားခဲ့သည့် နည်းပညာများကို လူတိုင်းသိလာကြသည်။ အာရပ်ကမ္ဘာမှ အာဏာရှင်များ ရုတ်တရက်ဆိုသလို အာဏာလက်မဲ့အဖြစ်များနှင့် ကြုံတွေ့ခဲ့ရသည်။

အထက်ဖော်ပြပါ အကြောင်းအရာများအား ထောက်ဆကြည့်လျှင် ၂၀၁၁ ခုနှစ်သည် အစီအစဉ်မဲ့ ပရမ်းပတာယိုင်သောနှစ်၊ သက်ပြင်းမောများ အခါခါချခဲ့ရသောနှစ်အဖြစ် သတ်မှတ်၍ ရနိုင်သည်။ သို့ဖြစ်ရာ ၂၀၁၁ နှစ်ကုန်၍ ၂၀၁၂ ခုနှစ်သို့ ကူးပြောင်းချိန်တွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ မည်သည့်အပြောင်းအလဲများ ရှိလိမ့်မည်ကို ခန့်မှန်းရခက်လှသည်။

သို့ရာတွင် ၂၀၁၁ ခုနှစ် ကုန်ဆုံး၍ ၂၀၁၂ ခုနှစ်အတွင်း ဝင်ရောက်ရန် ဟန်ပြင်နေသည်နှင့်အမျှ ၂၀၁၂ ခုနှစ် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ အပြောင်းအလဲများကို တင်ကူးသုံးသပ်ချက်များလည်း ပေါ်ထွက်လာသည်။

### ငြိမ်းချမ်းရေးမရှိ၊ ကြွယ်ဝမှုမရှိ၊ တိုးတက်မှုမရှိ ၂၀၁၂ ခုနှစ်

၂၀၁၂ ခုနှစ်တွင် ဖြစ်လာနိုင်ဖွယ်ရှိမည့် အပြောင်းအလဲများကို ဗြိတိန်နိုင်ငံထုတ် ကမ္ဘာကျော် ဂါဒီယန်သတင်းစာကြီးမှ ပြည်ပရေးရာ စာတည်းတစ်ဦးဖြစ်သူ ဆိုင်မွန်တစ်ဒဲလ်က အောက်ပါအတိုင်း ကြိုတင်သုံးသပ်ထားသည်။



ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်။

၂၀၁၂ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသမှသည် အာဖရိကတိုက်အထိ ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ဥရောပတိုက်၏ ဘဏ္ဍာရေးအကျပ်အတည်းမှာ ပိုမိုဆိုးလာဖွယ်ရာရှိသည်။ နှစ်သစ်၏ နိုင်ငံတကာရေးရာများမှာ အနည်းဆုံးတော့ စိတ်ညစ်ညူးဖွယ်ကိစ္စများသာ ဖြစ်နိုင်ဖွယ်ရှိသည်။ သတင်းစာသုံး ဝေါဟာရဖြင့်ပြောရမည် ဆိုလျှင် "မ" သုံးလုံးခေါင်းစီးများ၊ ငြိမ်းချမ်းမှုမရှိ၊ သာယာကြွယ်ဝမှုမရှိ၊ တိုးတက်မှုမရှိ စသည့်သတင်းခေါင်းစဉ်တို့ကို တွေ့မြင်ရမည့်နှစ်ဖြစ်လာနိုင်သည်။

အရှေ့အလယ်ပိုင်းဒေသမှသည် အာဖရိကနှင့် အာရှတိုက်ဒေသများအတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများအတွက် အလားအလာကောင်းများမှာ ၂၀၁၂ ခုနှစ်တွင် မစိုမပို့



ဂါဒီယန်သတင်းစာ၏ စာတည်း ဆိုင်မွန်တစ်ဒဲလ်။

လောက်သာရှိပြီး ပိုမိုဆိုးလာမည်ဟု ယူဆရတော့မည့် အနေအထားများ တွေ့နေသည်။ စီးပွားရေးအရ ပြောမည်ဆိုလျှင် ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့၌ ရင်ဆိုင်နေရသော ငွေကြေးနှင့် နိုင်ငံကြွေးမြီပြဿနာများသည် ကမ္ဘာ့ဈေးကွက်ကို အဖျားခတ်လာနိုင်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ အထွေထွေကျဆင်းမှုကာလတစ်ရပ်ဆီသို့ ဦးတည်သွားစေနိုင်သည်။

သို့ရာတွင် ၂၀၁၂ ခုနှစ်အတွင်းဖြစ်ပေါ်မည့် ကမ္ဘာ့ဖြစ်စဉ်အပြောင်းအလဲတိုင်းသည် အဆိုးချည်းသာဖြစ်လိမ့်မည်မဟုတ်ပါ။ ၂၀၁၂ ခုနှစ်ကို အသက်ဝင်စေနိုင်ဖွယ်ရှိသည့် မျှော်လင့်ချက်များကိုလည်း ရှာဖွေကြည့်ရန် လိုပါလိမ့်မည်။ နီပေါတော်ဝင်လေကြောင်းလိုင်းက အသုံးပြုသော အဆိုအမိန့်တစ်ခုအတိုင်းပင်။ ဟိမဝန္တာတောင်တန်းပေါ်သို့ ဖြတ်ပျံတိုင်း လေယာဉ်မှူးများအနေဖြင့် မိုးတိမ်တိုင်း၌ တိကျသေသပ်သော အနားသတ်ရှိတတ်သည်ကို သတိရရန်လိုပါသည်။

### ရွေးကောက်ပွဲဖြစ်စဉ်များ

၂၀၁၂ ခုနှစ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံအနက် ဗြိတိန်နိုင်ငံမှအပ ကျန်နိုင်ငံများတွင် နိုင်ငံ့ခေါင်းဆောင်ရွေးချယ်မှုအဆင့် ရွေးကောက်ပွဲများ ပြုလုပ်မည်ဖြစ်ရာ တစ်ကမ္ဘာလုံးအတွက် အမှတ်ရဖွယ်နှစ်တစ်နှစ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ လက်ရှိသမ္မတ ဘားရက်အိုဘားမားသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ပါဝင်အရွေးခံရန် ကြိုးပမ်းနေပြီဖြစ်သည်။ သမ္မတအိုဘားမားအနေဖြင့် ၎င်း၏ နိုင်ငံရေးရည်မှန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံရေးမူဝါဒများအား အပြောင်းအလဲ လုပ်ဆောင်နေခဲ့ပြီးဖြစ်သည်။ အီရတ်စစ်ပွဲ၌ စစ်ရေးအရအောင်မြင်မှု၊ စစ်ပွဲကို အဆုံးသတ်၍ အမေရိကန်တပ်ဖွဲ့ဝင်များအား အမိနိုင်ငံသို့ပြန်ခေါ်ပေးမည်ဟူသော ကတိကဝတ်ကို ဖြည့်ဆည်းပေးနိုင်မှု စသည့် သမ္မတအိုဘားမား၏ အောင်မြင်မှုများမှာ အမေရိကန်လူလတ်တန်းစားပြည်သူ မဲဆန္ဒရှင်များအား တိုက်ရိုက်ပစ်မှတ်ထားသော ကြိုးပမ်းအောင်မြင်မှုများဖြစ်သည်။



အမေရိကန်သမ္မတ ဘားရက်အိုဘားမား။

သို့ရာတွင် အီရတ်ပြည်တွင်း နိုင်ငံရေးအခြေအနေမှာ အတိမ်းအစောင်းမခံနိုင်သည့် အခြေအနေတွင် ရှိနေဆဲဖြစ်ပြီး ၂၀၁၁ ခုနှစ် ခရစ္စမတ်ကာလမတိုင်မီ ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဂိုဏ်းစွဲ၊ ဂဏစွဲ တိုက်ခိုက်မှုများ အသစ်တစ်ဖန် ပြန်ပေါ်လာမည့်အရေး ရှိနေသေးသည်။

သမ္မတဘားရက်အိုဘားမား၏ ၂၀၁၂ ရွေးကောက်ပွဲ



အီရတ်စစ်မြေပြင်မှ ပြန်လည်ထွက်ခွာနေသော အမေရိကန်တပ်ဖွဲ့ဝင်များ။

ဗျည်းနွဲ့

လှုပ်ရှားမှုများမှာ လွန်ခဲ့သော လေးနှစ်ကာလမှာကဲ့သို့ စိတ်အားတက်ကြွဖွယ်အတွေ့အကြုံများ ထွက်ပေါ်ချင်မှ ထွက်လာပါလိမ့်မည်။ သမ္မတသက်တမ်းတစ်လျှောက် ရရှိခဲ့ဖူးသော မှတ်တမ်းများနှင့် ရီပတ်ဘလီကင်များကို အန္တရာယ်တစ်ရပ်အဖြစ် ပုံဖော်ရေးကိုသာ အာရုံစိုက်ရပေလိမ့်မည်။

### တရုတ်နှင့် ရုရှား

၂၀၁၂ ခုနှစ်တွင် တရုတ်နှင့် ရုရှားနိုင်ငံတို့၌လည်း ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရုရှားပါလီမန်ရွေးကောက်ပွဲ၌ မဲမသမာမှုများရှိခဲ့ကြောင်း သတင်းများပေါ်ထွက်နေသည့်တိုင် ရုရှားနိုင်ငံ၏ လက်ရှိဝန်ကြီးချုပ် ဗလာဒီမာပူတင်သည်သာ သမ္မတအဖြစ် ထပ်မံအရွေးချယ်ခံရမည့် အလားအလာများ ရှိနေသည်။ ဗလာဒီမာပူတင်၏ တတိယမြောက် သမ္မတသက်တမ်းသည် အမျိုးသားရေးဝါဒ ခေါင်းထောင်ထလာမည့် ကာလအပိုင်းအခြားအား ဖော်ညွှန်းသည်။

အလားတူ တရုတ်နိုင်ငံ၏ ကွန်မြူနစ်ပါတီသည်လည်း ၂၀၁၂ ခုနှစ် အောက်တိုဘာကွန်ဖရင့်၌ လက်ရှိသမ္မတ ဟူကျင်တောင်း၏နေရာအား ဆက်ခံမည့်သူအဖြစ် ဒုတိယသမ္မတ ရှီကျင့်ဖျင်ကိုရွေးချယ်ရန် အလားအလာများလျက်ရှိရာ အခြေအနေအား စဉ်ဆက်မပြတ်စောင့်ကြည့်သွားရန် လိုပေလိမ့်မည်။

### ၂၀၁၂ မြန်မာ

ယင်းအပြင် မြန်မာနိုင်ငံအတွက် ၂၀၁၂ ခုနှစ်သည် လက်ရှိတည်ဆဲ အရပ်သားအစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ကို စောင့်ကြည့်မည့် ကာလလည်းဖြစ်သည်။

### အာရပ်ကမ္ဘာ၏ ဒုတိယနွေဦး

အာရပ်ကမ္ဘာ၏ အပြောင်းအလဲ သို့မဟုတ် အာရပ်နွေဦး စတင်ခဲ့သည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ သို့ရာတွင် အာရပ်ကမ္ဘာ၏ ဒီမိုကရေစီနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုင်ရာ အပြောင်းအလဲများနှင့် ဘေးထွက်အကျိုးဆက်များမှာ ခန့်မှန်း၍ မလွယ်သည့် အခြေအနေရှိဆဲဖြစ်သည်။ လက်ရှိဖြစ်ပွားဆဲ ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးမှာ ၂၀၁၂ ခုနှစ် အာရပ်ဒုတိယနွေဦး၏ အဆိုးဆုံးအခြေအနေကို ဖော်ညွှန်းနေသည်။

### စစ်ပွဲများနှင့် ကမ္ဘာ

၂၀၁၂ ခုနှစ်သည် ကမ္ဘာတစ်ဝန်း ဖြစ်လာနိုင်ဖွယ်ပဋိပက္ခများ၊ ဖြစ်နေမည့် ပဋိပက္ခများဖြင့် ပြည့်လျှမ်းနေသော နှစ်တစ်နှစ် ဖြစ်လာနိုင်သည်။ အရှေ့အာရှဒေသ၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်ကွယ်လွန်မှုနှင့်အတူ ၎င်း၏ နေရာအားဆက်ခံခဲ့သော ငယ်ရွယ်ပြီးအတွေ့အကြုံမရှိသည့် ကင်ဂျုံအန်နှင့်ပတ်သက်၍ သံသယများဖြင့် မသေချာမှုများ ဆောင်ကြဉ်းလာမည့်နှစ်ဟု ဆိုနိုင်သည်။

အာဖဂန်စစ်ပွဲသည် သေကျေဒဏ်ရာရမှုများ၊ မသေချာမှုများနှင့် ရှုပ်ထွေးခြင်းများနှင့်အတူ ဆက်လက် စခန်းသွားလိမ့်မည်ဟု မျှော်လင့်ရသည်။ အမေရိကန်တပ်ဖွဲ့များနှင့် ဗြိတိန်တပ်ဖွဲ့များ အာဖဂန်စစ်မြေပြင်မှ ၂၀၁၂ ခုနှစ်တွင် ထွက်ခွာရန် တာစူနေသည့်နည်းတူ အာဖဂန်အစိုးရတပ်ဖွဲ့များကို လုံခြုံရေးဆိုင်ရာ တာဝန်များ လွှဲပြောင်းပေးမှုသည်လည်း အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်လာနိုင်သည်။

**ကိုးကား ： Simon Tistall's 2012 World Preview**

# နှစ်ကာလပြောင်းသော်လည်း နေ့ရက်များ ပုံသေကျရောက်မည့်ပြက္ခဒိန်သစ် ပညာရှင်များအဆိုပြု

**ဘာလ်တီမိုး ဒီဇင်ဘာ ၃၀**

နှစ်ကာလများ ပြောင်းသွားသော်လည်း သီတင်းပတ်တစ်ပတ်အတွင်း နေ့ရက်များ ပုံသေကျရောက်မည့် ပြက္ခဒိန်သစ်တစ်ခုကို အမေရိကန်ပြည်ထောင်စု ဘာလ်တီမိုးပြည်နယ် ဂျွန်ဟော့ခ်ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက အဆိုပြုတင်ပြခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက်သတင်းများတွင် ဖော်ပြသည်။

ဂျွန်ဟော့ခ်ကင်းတက္ကသိုလ်မှ နက္ခတ္တရူပဗေဒပညာရှင် ရစ်ချက်ကွန်းဟင်နရီနှင့် စီးပွားရေးပညာရှင် စတီအိတ်ချ်ဟန်ကေးတို့သည် ကွန်ပျူတာပုံစံတူ ထုတ်ဖော်မှုများ၊ ရှုပ်ထွေးနက်နဲသော သင်္ချာဖော်မြူလာများအသုံးပြု၍ နှစ်များပြောင်းသော်လည်း နေ့ရက်များ ပုံသေကျမည့်ပြက္ခဒိန်သစ်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ဟန်ကေး-ဟင်နရီ ပုံသေပြက္ခဒိန်၏အလိုအရ ခရစ္စမတ်နေ့သည် ၂၀၁၁ ခုနှစ်၌ တနင်္ဂနွေနေ့တွင် ကျရောက်လျှင် နောင်လာမည့် နှစ်စဉ်နှစ်တိုင်း တနင်္ဂနွေနေ့မှာပင် ကျရောက်မည်ဖြစ်သည်။ သို့ရာတွင် ဂျွန်ဟော့ခ်ကင်းတက္ကသိုလ်မှ ပညာရှင်များအဆိုပြုခဲ့သော ပြက္ခဒိန်သစ်အရ ရက် ၃၀ မှာ စက်တင်ဘာ၊ ဧပြီ၊ ဇွန်နှင့် နိုဝင်ဘာဟူသော လင်္ကာဟောင်းကို ပြောင်းလဲပစ်ရမည် ဖြစ်သည်။ ဟန်ကေး-ဟင်နရီ ပြက္ခဒိန်သစ်အရ စက်တင်ဘာလနှင့် ဇွန်လတို့သည် ရက် ၃၀ သတ်လများ မဟုတ်တော့ဘဲ ၃၁ ရက်သတ်လများဖြစ်လာကြမည်ဖြစ်ပြီး မတ်လနှင့် ဒီဇင်ဘာလများမှာ ယခင်အတိုင်း ၃၁ ရက်သတ်လများအဖြစ် ကျန်ရစ်မည်ဖြစ်သည်။

ကျန်လများမှာမူ တစ်လလျှင် ရက် ၃၀ သတ်လများအဖြစ် ကျန်ရှိလိမ့်မည်ဖြစ်ကြောင်း သိရသည်။ ဟန်ကေး-ဟင်နရီပြက္ခဒိန်သည် ယခင်ထုတ်ဖော်ခဲ့ပြီးဖြစ်သော ပြက္ခဒိန်တွက်ချက်မှုပေါင်းများစွာကို ဆင့်ပွားဖော်ထုတ်ထားသည့်ပြက္ခဒိန်ဖြစ်ကြောင်း သုတေသနပညာရှင်များကပြောကြားခဲ့သည်။ ယင်းပြက္ခဒိန်အရ လူတို့၏မွေးနေ့များ၊ အားလပ်ရက်များသည် နှစ်စဉ်နှစ်တိုင်း တစ်ရက်တည်းကျရောက်မည်ဖြစ်သည်။

ယနေ့ခေတ် လူသားများအသုံးပြုလျက်ရှိသော ပြက္ခဒိန်ကို ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ-၁၃က ၁၅၈၂ ခုနှစ်တွင် စတင်ဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး ဖော်ထုတ်ခဲ့သူ၏နာမည်အားအစွဲပြု၍ ဂရီဂိုရီပြက္ခဒိန်ဟု ခေါ်ဆိုသည်။

**အင်တာနက်။**



ယနေ့ခေတ်သုံး ပြက္ခဒိန်ကို စတင်ဖော်ထုတ်ခဲ့သော ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ-၁၃၏ ပုံတူ။

# ရုရှားလုပ် ဆူခွိုင်းတိုက်လေယာဉ်များ အင်ဒိုနီးရှားဝယ်ယူရန် စီစဉ်

ဂျကာတာ ဒီဇင်ဘာ ၃၀

အင်ဒိုနီးရှားနိုင်ငံသည် ရုရှားနိုင်ငံမှ ဆူခွိုင်းအမျိုးအစား ဂျက်တိုက်လေယာဉ် ခြောက်စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၃၀ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံရှိ ရိုဆိုဘိုရွန် ပြည်ပပို့ကုန်အေဂျင်စီမှ ဆူခွိုင်းတိုက်လေယာဉ်ခြောက်စင်းဝယ်ယူရန် ကုန်ဝယ်အမှာစာပေးပို့လိုက်ပြီဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆာဂျာဖရီဆာဂျမ်ဆူဒင်က ပြောကြားသည်။

အင်ဒိုနီးရှားလေတပ်၌ ယခုအခါ ဆူခွိုင်းအမျိုးအစား ဂျက်တိုက်လေယာဉ် ၁၀စင်းကို အသုံးပြုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ်တောင်ပိုင်း မာကက်ဆာမြို့ရှိ လေတပ်အခြေစိုက်စခန်း၌ ဆူခွိုင်း ဂျက်တိုက်လေယာဉ်တပ်ဖွဲ့ကို ဖြန့်ကြက်ထားကြောင်း ၎င်းကပြောကြားသည်။

အင်ဒိုနီးရှားလေတပ်သည် ပြည်တွင်းရှိ မြို့ပြလေကြောင်း စက်မှုလုပ်ငန်းကုမ္ပဏီဖြစ်သော ပီတီဒါဂန်တာရာ ကုမ္ပဏီမှ ဘဲလ်-၄၁၂အမျိုးအစားနှင့် ပူးမားအမျိုးအစား ရဟတ်ယာဉ်များဝယ်ယူရန်လည်း အစီအစဉ်ရှိသည်။ **ဆင်ဟွာ။**



ရုရှားလုပ် ဆူခွိုင်းအမျိုးအစား တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## လက်နက်ထုတ်လုပ်နိုင်သောအဆင့်ရှိ ယူရေနီယံကို အမေရိကန်သို့ ကနေဒါ တိတ်တဆိတ်တင်ပို့နေ



အော်တဝါ ဒီဇင်ဘာ ၃၀

ကနေဒါနိုင်ငံသည် လက်နက်ထုတ်လုပ်နိုင်သောအဆင့်ရှိ သန့်စင်ပြီး ယူရေနီယံအများအပြားကို အမေရိကန်နိုင်ငံသို့ တိတ်တဆိတ်တင်ပို့လျက်ရှိကြောင်း ကနေဒါသတင်းဌာနများက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကနေဒါနှင့် အမေရိကန်နိုင်ငံတို့သည် ယူရေနီယံဆိုင်ရာ သဘောတူညီချက်သစ်တစ်ရပ်ကို ၂၀၁၀ ပြည့်နှစ်က ရရှိခဲ့ကြောင်း၊ ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌ တည်ရှိသော ချော့အမည်ရှိ မြစ်မှတစ်ဆင့် အဏုမြူဗုံးပြုလုပ်နိုင်သော အဆင့်ရှိ ယူရေနီယံကို အမေရိကန်နိုင်ငံသို့ တင်ပို့ပေးကြောင်း လျှို့ဝှက်အဆင့်ရှိ အစိုးရအစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် သတင်းဌာနများက သတင်းထုတ်ပြန်သည်။ ယူရေနီယံကို အမေရိကန်နိုင်ငံသို့ လျှို့ဝှက်တင်ပို့ပေးနေသည်ဆိုသော သတင်းနှင့်ပတ်သက်၍ ကနေဒါ နျူကလီးယား ဘေးကင်းလုံခြုံရေးကော်မရှင်က အသေးစိတ်ပြောကြားခြင်းမရှိသည့်အပြင် ယင်းကိစ္စနှင့် ပတ်သက်၍ အများပြည်သူဆိုင်ရာ ကြားနာစစ်ဆေးမှုပြုလုပ်ရန် ငြင်းဆိုခဲ့သည်။

***အင်တာနက်။***

## နေတိုးထောက်ပံ့ရေး ကုန်တင်ယာဉ်များကြောင့် ပါကစ္စတန်အဝေးပြေးလမ်းများ ပျက်စီးရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၀

**လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ပါကစ္စတန်နိုင်ငံ၏ ပြည်ထောင်စုလမ်းမကြီးများပေါ်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်များထံ ပေးပို့သည့်ကုန်စည်များတင်ဆောင်ထားသော ကုန်သေတ္တာတင်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကြောင့် လမ်းပျက်စီးရမှုတန်ဖိုးမှာ ရူပီးငွေ ဘီလီယံ ၁၅၀ ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၉ရက်တွင် ပြောကြားသည်။**

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် ပေးပို့သော ကုန်စည်များတင်ဆောင်လာသည့် ကုန်သေတ္တာတင်ယာဉ်များသည် ပါကစ္စတန်အဝေးပြေးလမ်းမများပေါ် ဖြတ်သန်းမောင်းနှင်ခြင်းကြောင့်ဖြစ်ပေါ်ရသော လမ်းပျက်စီးမှုအခြေအနေကို အမျိုးသားအဝေးပြေးလမ်းများအာဏာပိုင်အဖွဲ့က ကွင်းဆင်းလေ့လာခဲ့ကြောင်း ပါကစ္စတန်ဆက်သွယ်ရေးဝန်ကြီး အလမ်ဟီခန်းက အရှုဏ်ဦးအမည်ရှိ သတင်းစာတွင် ရေးသားဖော်ပြသည်။

၂၀၀၂ခုနှစ်မှ ၂၀၁၁ခုနှစ်အထိကာလအတွင်း အဆိုပါ ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကြောင့် အဝေးပြေးလမ်းများ ပျက်စီးရမှုသည် ရူပီးဘီလီယံ ၁၅၀ဖိုးအထိရှိကြောင်း စစ်တမ်းကောက်ယူမှုအရ သိရသည်။

နှစ်စဉ်နှစ်တိုင်း နေတိုးတပ်ဖွဲ့၏ ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကြောင့် အဝေးပြေးလမ်းများ ပျက်စီးရမှုတန်ဖိုး ရူပီး ၁၅ဘီလီယံဖိုးရှိသည်ဟု လေ့လာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မိုမန်ဒေသ၌ နိုဝင်ဘာ ၂၆ရက်က နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန် တပ်ဖွဲ့ဝင် ၂၄ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် နေတိုးတပ်ဖွဲ့ထံ ပေးပို့သော ထောက်ပို့ယာဉ်တန်းများ ဖြတ်သန်းသွားလာမှုကို ပါကစ္စတန်အစိုးရက ပိတ်ပင်ခဲ့သည်။

### စီစဉ်ဆောင်ရွက်

နေတိုးတပ်ဖွဲ့အတွက် ကုန်စည်ပို့ဆောင်ပေးနေသော ကုန်တင်ယာဉ်များကြောင့် အဝေးပြေးလမ်းများ ပျက်စီးရမှုကို အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့ထံ တိုင်တန်းရန် ပါကစ္စတန်နိုင်ငံခြားရေးဌာနနှင့် စီမံကိန်းရေးဆွဲရေးကော်မရှင်တို့က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **အင်တာနက်။**

**နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ**

## ပရီမီယာလိဂ် အမှတ်ပေးဖလားအတွက် ပြင်ဆင်မှုတွင် မန်စီးတီးအသင်း၏ လူစာရင်းအတောင့်တင်းဆုံးဖြစ် မန်ယူအသင်းနှင့် မန်စီးတီးအသင်း နှစ်သင်းပေါင်း ကစားသမားဝယ်ယူမှု ကုန်ကျငွေမှာ ပေါင် သန်း ၃၀၀ ကျော်ရှိ

လန်ဒန် ဒီဇင်ဘာ ၃၀

**တစ်နှစ်ထက်တစ်နှစ် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာသည့် ဘာကလေပရီမီယာလိဂ် အမှတ်ပေးဖလားပြိုင်ပွဲတွင် ဆုဖလားရယူနိုင်ရန်အတွက် အသင်းတိုင်းလိုလို ပြုပြင်ပြောင်းလဲမှုများပြုလုပ်လျက်ရှိသည်။ ဆုဖလားကို မည်သည့်အသင်းဆွတ်ခူးမည်ဟု ပြောဆိုရန်ခက်ခဲနေသေးသည့် ယခုလိုရာသီဝက်ကာလတွင် ဒဏ်ရာပြဿနာများ ကင်းရှင်းနေပြီး အတောင့်တင်းဆုံးကစားသမားစာရင်းကို ပိုင်ဆိုင်ထားသည့်အသင်းမှာ မန်စီးတီးအသင်းတစ်သင်းတည်းသာရှိပြီး ခြေစွမ်းပိုင်းတွင်လည်း အကောင်းဆုံးပုံစံတွင်ရှိနေကာ မြို့ခံပြိုင်ဘက် မန်ယူနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် ဇယားထိပ်တွင် ဆက်လက်ဦးဆောင်နေသည်။**

ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးဖလားအတွက် ပြင်ဆင်မှုအနေဖြင့် ကစားသမားများ ဝယ်ယူစရိတ်အများဆုံး အသင်းနှစ်သင်းမှာ မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ဖြစ်ပြီး နှစ်သင်းပေါင်း၏ ကုန်ကျစရိတ်မှာ ပေါင် သန်း ၃၀၀ ကျော်ရှိနေသည်။ ယင်းသည် ပထမရာသီဝက်ကာလအတွက်သာဖြစ်ပြီး ယခုလာမည့် အပြောင်းအရွှေ့ကာလပြီးဆုံးချိန်တွင် ပိုမိုမြင့်တက်လာဖွယ်ရှိသည်။ ဇယားထိပ်မှ အသင်းများသည် ချန်ပီယံဆုအတွက် အပြိုင်အဆိုင်ပြင်ဆင်နေကြသလို ဇယားအောက်ခြေမှ အသင်းများမှာလည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အပြင်းအထန် လုံးပန်းနေရသည့်ကာလဖြစ်သည်။ ယင်းတို့အနက် ဆုဖလားရယူနိုင်ဖွယ်ရှိသည့် အသင်းများ၏ လက်ရှိအနေအထားနှင့် လိုအပ်ချက်အချို့ကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

### မန်စီးတီး



**ပထမပွဲထွက်လူစာရင်းအတွက် ကုန်ကျ စရိတ် -** ဖော်ပြထားခြင်းမရှိ

**အရန်အသင်းအတွက် ကုန်ကျစရိတ် -** ပေါင် ၁၂၆ ဒသမ ၄၅ သန်း

ပထမပွဲထွက်လူစာရင်းနှင့် အရန်လူစာရင်း နှစ်ခုလုံးတွင် ဒဏ်ရာရကစားသမား ကင်းစင်နေ။

### မန်ယူ

**ပထမပွဲထွက်လူစာရင်း -** ဒီဂီယာ၊ စမောလင်း၊ ဂျုန်း၊ ဖာဒီနန်၊ အီဗရာ၊ နာနီ၊ ကာရစ်၊ ကလီဗာလေ၊ အက်ရှ်လေယန်း၊ ရွန်နေ၊ ဟာနန်ဒက်ဇ်။



**ကုန်ကျစရိတ် -** ပေါင် ၁၆၂ ဒသမ ၁ သန်း

**အရန်စာရင်း -** လင်ဒီဂတ်၊ ဖေဘီယို၊ အီဗန်၊ ဖာရာ၊ ရာဖေးလ်၊ ဗလင်စီယာ၊ ဂစ်၊ အန်ဒါဆင်၊ ပက်ဂျီဆန်၊ ဘာဘာတော့ဗ်၊ ဝဲဘက်။

**ကုန်ကျစရိတ် -** ပေါင် ၇၇ ဒသမ ၂၅ သန်း

မန်ယူ၏ ပထမပွဲထွက်လူစာရင်းသည် မန်စီးတီးကို ယှဉ်နိုင်သော်လည်း အရန်အင်အားတွင်မူကွာခြားချက်များနေသည်။ ထို့ပြင် မန်ယူတွင် ဒဏ်ရာရကစားသမားများပြားနေသည်။ ယင်းကြောင့် ကစားသမားသစ်ထပ်မံဝယ်ယူရန် လိုအပ်နေသည်။

### စပါး



**ပထမပွဲထွက်လူစာရင်း -** ဖရီဒယ်လ်၊ ဝေါ့ကာ၊ ကင်း၊ ဂါးလက်-အတ်ကော့တို၊ လန်နွန်၊ ပါကာ၊ မော့ဒရစ်၊ ဘေးလ်၊ ဗန်ဒါဗက်၊ အဒီဘာယော။

**ကုန်ကျစရိတ် -** ပေါင် ၄၄ ဒသမ ၁ သန်း

**အရန်စာရင်း -** ကော်လူကာ၊ ကူဒီစီနီ၊ ကာဘူးလ်၊ ဘတ်ဆောင်း၊ ရိုစီ၊ ပီးနား၊ ဆန်ဒရို၊ လစ်ဗ်မိုး၊ ခရန်ကာ၊ ပက်ဗလူချန်ကို၊ ဒီဖိုး။

**ကုန်ကျစရိတ် -** ပေါင် ၆၄ ဒသမ ၈ သန်း

ရလဒ်ပိုင်းကောင်းမွန်နေသော်လည်း ခြေစွမ်းပိုင်းတွင် တစ်နေ့ရွှေ တစ်နေ့ငွေဖြစ်နေသဖြင့် နည်းပြဟာရီရက်နက်ပ်အနေဖြင့် နည်းစနစ်အပြောင်းအလဲလုပ်ရန် လိုအပ်နေသည်။

### ချယ်လ်ဆီး

**ပထမပွဲထွက်လူစာရင်း -** ပီတာချက်၊ အိုင်ဗန် နိုဗစ်၊ လူးဝစ်ဇ်၊ တယ်ရီ၊ အက်ရှ်လေကိုးလ်၊ ရာမီရက်၊ ရိုမီယူ၊ မီယာလက်စ်၊ စတာရစ်ချ်၊ ဒရော့ဘာ၊ မာတာ။



**ကုန်ကျစရိတ် -** ပေါင် သန်း ၁၂၀

**အရန်စာရင်း -** တန်ဘူးလ်၊ ဖာရဲရား၊ ဘော့စင်ဟွာ၊ အဲလက်၊ ဘာထရန်၊ မက်အတ်ချ်ရန်၊ မီခေးလ်၊ လမ်းပတ်၊ ကာလူး၊ တောရက်စ်၊ မာလူဒါ။

**ကုန်ကျစရိတ် -** ပေါင် ၁၂၈ ဒသမ ၆၂၅ သန်း

အသင်း၏ လူအင်အားအတွက် မေးခွန်းထုတ်စရာ မလိုအပ်သော်လည်း သက်ကြီး ကစားသမား များပြားနေသဖြင့် လူငယ်များနှင့် တွဲဖက်၍ ပွဲထုတ်ရန် လိုအပ်နေသည်။

### အာဆင်နယ်

**ပထမပွဲထွက်လူစာရင်း -** ဆက်ဇနီ၊ ဆဂ္ဂနာ၊ ဗာမေလန်၊ ကိုမီယန်နီ၊ ဂစ်ဘ်၊ ရမ်ဆေးဆောင်း၊ အာတီထာ၊ ဂါဗင်ဟို၊ ဗန်ပါစီ။



**ကုန်ကျစရိတ် -** ပေါင် ၆၃ ဒသမ ၅ သန်း

**အရန်စာရင်း -** ဖေဘီယန်စကီး၊ ဂျန်ကင်ဆင်၊ မာတီဆက်ကာ၊ ဂျိုရူး၊ ဆန်းတို့စ်၊ ဖရင်ပေါင်၊ ကိုကွီလင်၊ ရိုဆစ်စကီး၊ အာရှာဗင်၊ ဝဲကော့၊ ချာမက်။

**ကုန်ကျစရိတ် -** ပေါင် ၅၁ ဒသမ ၈ သန်း

အာဆင်နယ်အသင်းတွင် ဒဏ်ရာရကစားသမားများပြားနေပြီး တိုက်စစ်တွင်လည်း ဗန်ပါစီ တစ်ယောက် သာ အားကိုးအားထားပြုနေရသဖြင့် အကယ်၍၎င်းသာ ဒဏ်ရာရရှိသွားပါက အောင်မြင်မှုရယူရန် မလွယ်ကူပေ။ ထို့ပြင် ချာမက်နှင့် ဂါဗင်ဟိုတို့မှာလည်း မကြာမီ ကာလအတွင်း အာဖရိက ဖလားပြိုင်ပွဲဝင်ရန် ရှိနေသည်။ ယင်းကြောင့် လူအင်အား ထပ်မံဖြည့်တင်းရန် လိုအပ်နေသည်။

### လီဗာပူး

**ပထမပွဲထွက်လူစာရင်း -** ရီနာ၊ ဂွန်ဆင်၊ အဂ္ဂါ၊ စကာတယ်လ်၊ အန်ရစ်၊ ဒရက်ကောက်၊ အဒမ်၊ ဂျရတ်၊ ဒေါင်းနင်း၊ ဆွာရက်ဇ်၊ ကာရိုး။



**ကုန်ကျစရိတ် -** ပေါင် ၁၁၅ သန်း

**အရန်စာရင်း -** ဒိုနီ၊ ကယ်လီ၊ ကာရေဂါ၊ ကိုဟက်စ်၊ ဖလာနာဂန်၊ မက်စီ၊ ဟန်ဒါဆန်၊ စပီးယားရင်း၊ ရော်ဘင်ဆင်၊ ရှယ်လ်ဗေး၊ ဘယ်လာမီ။

**ကုန်ကျစရိတ် -** ပေါင် ၂၄ ဒသမ ၇ သန်း

နည်းပြ ကင်နီဒဲဂလစ်ရှ်အနေဖြင့် အသင်းအား ပုံမှန်ထက် ပိုမိုကောင်းမွန်အောင် စွမ်းဆောင်သင့်ပြီး ပွဲပယ်ပြစ်ဒဏ်ကျခံရမည့် ဆွာရက်ဇ်၏ နေရာတွင် အင်ဒီကာရိုးကို နေရာပေးရမည်ဖြစ်ကာ ကစားပုံကောင်းမွန်လာသည့် ဘယ်လာမီကို နေရာပေးရန်လည်း လိုအပ်နေသည်။ **အင်တာနက်။**

# အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်မှာကြား

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များဆွတ်ခူးရရှိအောင်နိုင်ရေးအတွက် ဒေါက်လေးဒေါက်ဖြစ်သော အားကစားအဖွဲ့ချုပ်မှ လက်ရွေးစင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် Champion Challange Cup ပြိုင်ပွဲလက်ရွေးစင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေးနှင့်ရန်ကုန်)မှ လက်ရွေးစင်များနှင့် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး(အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်) လက်ရွေးစင်များဖြင့် ခေတ်မီအားကစားနည်းစနစ်များကို ပြင်းပြင်းထန်ထန်ကြိုးစား လေ့ကျင့်သွားကြရန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် အားကစားဝန်ကြီးဌာန နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြကြပြီး အားကစားဆေးပညာကဏ္ဍ၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးကဏ္ဍများကို တာဝန်ခံအရာရှိများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးနှင့် မြန်မာ့အားကစားအောင်နိုင်ရေးလေ့ကျင့်ရေးစခန်းတာဝန်ခံညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေးနှင့် ရန်ကုန်)တို့မှ ကျောင်းအုပ်ကြီးများက လေ့ကျင့်ရေးစခန်းနှင့် သင်တန်းသားများ၏ ပညာရေးနှင့် အားကစားလေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဦးထွန်းမြင့်ဦးက နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ မူဝါဒဆိုင်ရာများကို ဖတ်ကြားတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဖြည့်စွက်ဆွေးနွေးတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဟာဝိဇယရာမကျောင်းတိုက်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ အလှူပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေထံ မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ လှူဒါန်းသော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဂွမ်းကပ်တို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ လှူဒါန်းသော ဆန် ၃၈၇ အိတ်၊ ဆီ ၅၇၆ ပိဿာ၊ ခေါက်ဆွဲခြောက် ၉၂၆ ထုပ်၊ ရေသန့် ၉၂၆ ကတ်၊ ဂွမ်းကပ် ၉၃၀ တို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးမိသားစုနှင့် တပ်ရင်းတပ်ဖွဲ့များမှ လှူဒါန်းသည့် အလှူငွေကျပ် ၅၄၃၉၀၀၀ နှင့် ဆန် ၁၈ အိတ်၊ ခေါက်ဆွဲခြောက် ဖာ ၅၀၊ အဝတ်မျိုးစုံ သုံးထုပ်တို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးက လည်းကောင်း ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးမိသားစုက အလှူငွေ ကျပ် ၅၀၀၀၀၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့မှ အလှူငွေကျပ် လေးသိန်းနှင့် အဝတ်အထည်မျိုးစုံ အထုပ် ၃၀၊ မြန်မာ့စက်မှုဆိပ်ကမ်းဥက္ကဋ္ဌ မိသားစုနှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၃၀၀၊ Mother Trading & Construction Co., Ltd. က ငွေကျပ် သိန်း ၁၀၀ နှင့် ပြည့်ဖြိုးအောင် ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက လက်ခံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ရေးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မီးဘေးသင့် ပြည်သူများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီတွင် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့စုစည်းရောက်ရှိနေကြသည့် ထူးချွန် ကြက်ခြေနီလူငယ်မောင်မယ်များ အနေဖြင့် သက်ဆိုင်ရာမြို့နယ်အသီးသီးက ထူးချွန်ထက်မြက်သူများအဖြစ် ရွေးချယ်ခဲ့ပြီးဖြစ်သည်နှင့်အညီ အမိကြက်ခြေနီအသင်းကြီး၏ ဂုဏ်ကို ဆောင်နိုင်ရေးအတွက် အမျိုးသားအဆင့်တွင်ပါ ထူးချွန်ထက်မြက်သော ကြက်ခြေနီလူငယ်များဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူလူထုနှင့်အတူ လက်တွဲလျက် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကိုက မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်ခြေနီသူနာပြုစွမ်းရည်ပြိုင်ပွဲတွင်ရရှိခဲ့သည့် တံခွန်စိုက်ဒိုင်းနှင့် တံခွန်စိုက်ဖလားအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ဆက်လက်၍ ထူးချွန်ကြက်ခြေနီမောင်မယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်တို့က ဂုဏ်ပြုရင်ထိုးများ တပ်ဆင်ပေးကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းနှင့် တံခွန်စိုက်ဆုဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသော တပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကြက်ခြေနီတပ်ဖွဲ့သုံး ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီခွဲတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဆေးပြခန်းများ နေရာချထားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)



# အခြေခံကျွမ်းဘားနည်းပြဆရာ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော အခြေခံကျွမ်းဘားနည်းပြဆရာ မွမ်းမံသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟံ၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်တို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြကာ ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းနည်းပြဆရာမ Miss Yan Yun Ying အား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** (ကြေးမုံ)

# သစ်တောထိန်းသိမ်းကာကွယ်ရေး ရေတာရှည်၌ ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၃၀**

တောင်ငူခရိုင်အတွင်း သစ်တောပြုန်းတီးမှုထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောအတန်းအစားလျော့ချခြင်းဖြင့် ကာဗွန်စုပ်ယူရေး REDD စီမံကိန်းကို အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောကာကွယ်ရေးအဖွဲ့ (ITTO) တို့ သုံးနှစ်စီမံချက်ဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

သစ်တောများ အလျင်အမြန်ပြုန်းတီးနေမှု၊ သစ်တောဂေဟစနစ်ကို အချိန်မီ ထိန်းသိမ်းနိုင်ရန် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပထမဦးဆုံးလုပ်ဆောင်ပြီး **(ယာပုံ)** ဒုတိယအဆင့်အနေဖြင့် တောင်ငူခရိုင်တစ်ခုလုံးစီမံကိန်း၌ ပါဝင်မည်ဖြစ်သည်။

REDD နည်းလမ်းဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကျေးရွာများအား ပညာပေးခြင်းနှင့်



REDD နည်းလမ်းဖြင့် သစ်တောထိန်းသိမ်းရေးအား သင်ကြားပေးခြင်းတို့ကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (၅၇၈)

# ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန် Export-Import Bank ထူထောင်မည်
# ကုန်စျေးနှုန်းများ တည်ငြိမ်ရေးကိစ္စရပ်များကို ဆက်လက်ဝိုင်းဝန်းထိန်းသိမ်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပခုက္ကူရေကြီးသည့်ကာလအတွင်း ကုန်စျေးနှုန်းတက်ခြင်း၊ ကျခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ မိုးဦးကာလရေလွှမ်းမိုးမှုများကြောင့် စပါးစိုက်ဧက ခြောက်သိန်းခန့်နှင့် မိုးဦးစိုက်ပျိုးသည့် အခြားသီးနှံအချို့ ပျက်စီးမှုရှိသဖြင့် ပြည်ပပို့ကုန်စျေးနှုန်းကျဆင်းခြင်းအချို့ ရှိခဲ့ပါကြောင်း၊ ပြည်တွင်း ပြည်ပ ကောက်ပဲသီးနှံရောင်းစျေးများ သင့်တင့်သည့်စျေးနှုန်းဖြစ်လာအောင် မျိုးကအစ စနစ်တကျထုတ်ပေးနိုင်ရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် သမ္မတကြီးကလမ်းညွှန်ထားပါကြောင်း၊ ကားဟောင်းအပ်၊ ကားသစ်ဝယ်ခွင့်ပြုခြင်း၊ နိုင်ငံခြားငွေဖြင့် အလုပ်လုပ်သူများ ကားဝယ်ခွင့်ပြုခြင်းများဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယန္တရားများ၊ စက်သုံးဆီများ၊ စားအုန်းဆီများလည်း လွတ်လပ်စွာ သွင်းခွင့်ပြုထားပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန် Export-Import Bank ထူထောင်မည်ဖြစ်ပါကြောင်း၊ တာဝန်ယူရသည့်အချိန်ကာလအတွင်း ကုန်စျေးနှုန်းများတည်ငြိမ်ရေး ကိစ္စရပ်များကို ဆက်လက်ဝိုင်းဝန်းထိန်းသိမ်း လုပ်ကိုင်ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့ အတွင်းရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အောက်ရှိ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### အမှာစကားပြောကြား

**ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသမှု ခံယူပြီးသော လူနာများအား အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

# အတွင်းတိမ်ကြောင့်မျက်စိကွယ်နေပြီး အကြောင်းအမျိုးမျိုးကြောင့်မလာရောက်နိုင်သူများ ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ခြင်းအားဖြင့်သော်လည်းကောင်း၊ ကုသခြင်းအားဖြင့်သော်လည်းကောင်း၊ ရှောင်လွှဲ၍ရသော မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန် ရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်က အမျိုးသားအမြင်သန်စွမ်းရေးအစီအစဉ် (National Vision 2020) ကို ချမှတ်ခဲ့သည်။ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတွင်းတိမ်ကြောင့် မျက်စိကွယ်နေပြီး ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူရန် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူများကို ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ၊ အမာမြို့နယ်ခွဲအတွင်းရှိ မျက်စိအတွင်းတိမ်ဝေဒနာရှင်ပေါင်း ၁၀၀ အား အခမဲ့ မျက်စိခွဲစိတ်ကုသခြင်းကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ဖျာပုံပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော ဖျာပုံခရိုင်အတွင်း မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသမှု အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာ၌ မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများရှိ မျက်စိကုဌာနများ၊ အခြေခံကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများသာမကဘဲ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်း၍ မျက်စိဝေဒနာရှင်များကို သက်ဆိုင်ရာ မျက်စိအထူးကုဌာနများသို့ ညွှန်းပို့ပေးခြင်း၊ တတ်စွမ်းသမျှ ပူးပေါင်းကူညီဆောင်ရွက်သွားကြပါရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မျက်စိခွဲစိတ်ကုသပေးသော အထူးကုဆရာဝန်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး မျက်စိခွဲစိတ်ကုသမှုခံယူပြီးသော လူနာများအား မျက်မှန်များ တပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၆ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ယနေ့ နံနက် ၈ နာရီမှစတင်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး စျေးနှုန်း အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ ကျောက်မျက်ရတနာ ပစ္စည်းအရောင်းဆိုင်များ၌ ကြည့်ရှုလေ့လာဝယ်ယူကြသည်။

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရေးအတွက် ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဗဟိုကော်မတီနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့က ကြည့်ရှုလေ့လာ ဝယ်ယူကြသည့် ရတနာကုန်သည်များ စားသောက်ရေးအဆင်ပြေစေရန် မဏိရတနာကျောက်စိမ်းခန်းမ မြေအောက်ထပ်၌ စားသောက်ဆိုင်များကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၇၄၂ တွဲ ရောင်းချရကြောင်း သိရှိရပြီး ပြပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



**ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ စျေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြစဉ်။** (သတင်းစဉ်)

**ဥတု ရာသီ တောကို မှီ၏**

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

**အောဝမ်းစိုး**

## ဝန်ကြီးချုပ်မာဂရက်သက်ချာ၏ အတ္ထုပ္ပတ္တိဇာတ်ကား (The Iron Lady)



အမေရိကန်သမ္မတကတော်များကို First Lady ဟု ခေါ်ဝေါ်သုံးနှုန်းသကဲ့သို့ ယခု The Iron Lady ဇာတ်ကားသည်လည်း ဗြိတိန်နိုင်ငံ၏ ပထမဆုံးနှင့် တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးချုပ် မာဂရက်သက်ချာကို Iron Lady ဟု တင်စားခေါ်ဝေါ်ကာ ဝန်ကြီးချုပ် မာဂရက်သက်ချာ၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းနောက်ခံဖြစ်ရပ်မှန်များကို ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ **(ယာပုံ)**

ဤဇာတ်ကားတွင် ၂၀ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကြားမှ ကမ္ဘာကိုကိုင်လှုပ်ခဲ့သူ အမျိုးသမီးဝန်ကြီးချုပ် မာဂရက်သက်ချာ၏ လှုပ်ရှားစွမ်းဆောင်ချက်များ၊ မာဂရက်သက်ချာ၏ ကမ္ဘာကို လွှမ်းမိုးနိုင်ခဲ့သည့် ဂန္ထဝင်အမျိုးသမီးတစ်ဦးဖြစ်လာသည်အထိ အတားအဆီးအနှောင့်အယှက်များကို ကျော်ဖြတ်ခဲ့ရပုံများ၊ အမျိုးသမီးတစ်ဦး၏ ထူးခြားထက်မြက်သော ပုံရိပ်များနှင့် ဝန်ကြီးချုပ်ရာထူးအတွက်ပေးဆပ်ခဲ့ရပုံများ၊ ဗြိတိန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ ဖော့ကလန်ကျွန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ၁၉၈၂ ခုနှစ်တွင် ၁၇ ရက်ကြာ စစ်မက်ဖြစ်ပွားခဲ့ရာတွင် မာဂရက်သက်ချာ၏ စွမ်းဆောင်ချက်များကို ရှုစားကြရမည်ဖြစ်သည်။

The Iron Lady ဇာတ်ကားကို ဒါရိုက်တာဖော်လီဒါလွိုဒ်က ရိုက်ကူးတင်ပြထားပြီး အဓိကဇာတ်ဆောင်ဝန်ကြီးချုပ် မာဂရက်သက်ချာအဖြစ် အကယ်ဒမီဆုရှင်မင်းသမီး မာရီလ်စထရိ(ပ်)၊ သက်ချာ၏ ခင်ပွန်း ဒန်းနစ်သက်ချာအဖြစ် ဂျင်မ်ဘရော့ဒ်ဘန့်၊ သက်ချာ၏ အစိုးရအဖွဲ့တွင် ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့သူ လက်ထောက်ဝန်ကြီး ဂျိုးဖရီဟောင်းအဖြစ် အန်ထော်နီဟဒ်၊ သက်ချာ၏ မိသားစုဝင်၊ မိတ်ဆွေအပေါင်းအသင်း၊ နိုင်ငံရေးသမားများ၊ အကြံပေးပုဂ္ဂိုလ်များအဖြစ် ဗြိတိသျှအနုပညာရှင်အသိုင်းအဝိုင်းမှ သရုပ်ဆောင်များက ပါဝင်အားဖြည့်ပေးထားကြသည်။

သမိုင်းနောက်ခံဖြစ်ရပ်မှန်များနှင့် ယှဉ်တွဲရိုက်ကူးတင်ပြထားသည့် ဝန်ကြီးချုပ်မာဂရက်သက်ချာ၏ အတ္ထုပ္ပတ္တိဇာတ်ကားသည် ဗဟုသုတတိုးပွားမည့်ဇာတ်ကားဖြစ်သောကြောင့် မလွတ်တမ်းကြည့်ရှုရမည့် ဇာတ်ကားတစ်ကားအဖြစ် ညွှန်းဆိုလိုက်ရပါသည်။ ***အင်တာနက်။***



◆ရှေ့ဖုံးမှ

ဒသမအထိရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဝိဇ္ဇာဘာသာတွဲတွင် ပထမရရှိသော မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ဆင်စွယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ မဆွေဆွေလှိုင်၊ ဒုတိယရရှိသော ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်အခြေခံပညာအထက်တန်းကျောင်းမှ မဆုမြင့်မြတ်နှင်းနှင့် တတိယရရှိသော မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မောက်ရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ မစန္ဒာဦးအပါအဝင် ဒသမအထိ ရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဋ္ဌမတန်း၊ သတ္တမတန်း၊ ဆဋ္ဌမတန်း၊ ပဉ္စမတန်းနှင့် စတုတ္ထတန်း အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက အဋ္ဌမတန်း၊ သတ္တမတန်း၊ ဆဋ္ဌမတန်း၊ ပဉ္စမတန်းနှင့် စတုတ္ထတန်း သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မြန်မာနိုင်ငံ သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြပြီး ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါ်စန္ဒာခင်တို့က နိုင်ငံတကာ ပန်းချီပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတကာနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ 5th ASEAN Quiz Competition (National Level) ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် 2011 Myanmar ICT Award - Educational Project Competition ပြိုင်ပွဲ အခြေခံပညာဆရာအဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပြိုင်ပွဲများတွင် အကောင်းဆုံးဆုနှင့် အထူးဆုရရှိကြသူများအား ထူးချွန်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

## ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အခြေခံပညာအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာနိုင်ငံ သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်စဉ်။**

(သတင်းစဉ်)

☆ *၂၀၁၂ ခုနှစ်မှ*

*သို့ရာတွင် ယင်းဖြစ်စဉ်ကို လေ့လာသူများအနေဖြင့် သာမန်မျက်စိဖြင့် မကြည့်ရှုသင့်ဘဲ အကာအကွယ်များ အသုံးပြု၍ ကြည့်ရှုသင့်ကြောင်း ပညာရှင်များက အကြံပြုထားသည်။*

*တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ နေနှင့် ကမ္ဘာအကြားမှ သောကြာဂြိုဟ် ဖြတ်သန်းမှုဖြစ်စဉ်သည် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၀ မိနစ်တွင် စတင်၍ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် အဆုံးသတ်မည်ဖြစ်ရာ ၆ နာရီကျော်ကြာမျှ မြင်တွေ့လေ့လာခွင့်ရမည်ဖြစ်သည်။* ***အင်တာနက်။***

# ကုန်သည်/စက်မှုအသင်းချုပ်နှင့် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Madam Yan Youqiong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် အဖွဲ့ဝင်များအား ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေး အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းအတွက် ငွေပေးချေမှုနှင့် ငွေလွှဲလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် နှစ်နိုင်ငံနယ်စပ်တွင် ဘဏ်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး ကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၃၁-၁၂-၂၀၁၁ (စနေနေ့)**
**(၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်) (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ "သုတရောင်စုံပန်းခင်း"
- ၈:၁၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ၂၀၁၀ ကမ္ဘာ့အားကစား ပုံရိပ်များ (အပိုင်း-၁)
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ "နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ"
- ၂:၁၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ကျောင်ဂွန်း" (အပိုင်း-၃၆)**
- ၂:၀၀ ၇။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၂:၁၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၂:၂၅ ၉။ အတီးပြိုင်ပွဲ
- ၂:၄၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂:၅၀ ၁၁။ International News
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၂၅ ၄။ "အေးမြသော လေညင်းလေးများ"
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်အထူးပြုများ) (သမိုင်း)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၁၀ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၂၀ ၈။ လှပစုံလင်အာဆီယံတစ်ခွင်
- ၅:၂၅ ၉။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုအကြင်နာပို" (အပိုင်း-၁)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၇၈)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၁)**
- ၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၃။ အစီအစဉ်ပြီး၏။



## မင်းနန်(မော်ကျွန်း) ဘ၀၏ရွှေစည်းမျဉ်းများ



စာရေးသူ မင်းနန်(မော်ကျွန်း)၏ ဘ၀၏ ရွှေစည်းမျဉ်းများစာအုပ်ကို တတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဘ၀၏ ကာကွယ်ရေးဥပဒေသများ၊ ကြီးပွားအောင်မြင်ရေးနည်းလမ်းများ၊ လူမှုရေးကျင့်ဝတ်များ၊ ဘ၀ငြိမ်းချမ်းပျော်ရွှင်အောင်မြင်ရေးကျင့်စဉ်များ၊ ပစ္စုပ္ပန်-သံသရာ နှစ်ဖြာအကျိုး ပွားတိုးစည်ပင်စေမည့် လမ်းညွှန်သွန်သင်ချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ လူမည်ကာမတ္တမျှသာ မဟုတ်မူလျက် လူကောင်းစင်စစ် ဧကန်ဖြစ်လိုသူတိုင်းအတွက် မြတ်ဗုဒ္ဓ၏ ရွှေစည်းမျဉ်းများကို စံထားအပ်သော လမ်းညွှန်သဘောတရားအဖြစ် မလွဲမသွေ ခံယူအပ်ကြောင်း ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။

အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## မိုးကောင်းကင်တစ်ဝက်စာအုပ်ဖြန့်ချိ



နန်းနန်း(ရှမ်းပြည်နယ်)၏ မိုးကောင်းကင်တစ်ဝက်စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အမျိုးသမီးများအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခွင့်အရေးဆုံးရှုံးမှုများအပြင် ခေတ်သစ်ကျွန်ခိုင်းစနစ်တစ်မျိုးဖြစ်သော လူကုန်ကူးခံရမှုမှတစ်ဆင့် နေရာဒေသအသီးသီးတွင် အမျိုးမျိုးအသုံးချခံနေကြရကာ အချို့နိုင်ငံနှင့် လူမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ဘ၀သည် အမျိုးသားများ၏ ဘ၀ထက် ဆင်းရဲဒုက္ခရောက်ပြီး အောက်ကျနောက်ကျ ဖြစ်နေရပေသည်။

အမျိုးသမီးများပညာရေးအားနည်းမှုကြောင့် နှိမ့်ချချုပ်ချယ်မှုအမျိုးမျိုး ခံနေကြရသဖြင့် အမျိုးသမီးများအား ပညာရေးကို အားပေးသင်ယူစေသင့်ကြောင်း လေ့လာတင်ပြထားသည်။

ယခုစာအုပ်ကို ပူလစ်ဇာဆုရ နစ်ကိုလပ်စ်ဒီခရစ္စတော့ဖ်နှင့် ရှယ်ရယ်ဝူဒန်းတို့က သုတေသနပြု ရေးသားထားပြီး နန်းနန်း(ရှမ်းပြည်နယ်)က ဘာသာပြန်ဆိုထားကာ ရန်အောင်စာပေ ဖုန်း-၀၉-၇၃၂၂၃၄၂၁၊ ၀၉-၅၁၇၉၃၉၈ မှ ဖြန့်ချိသည်။

## ကြည်လွင်မြင့်(မုဒြာ) ရောဂါမှန်သမျှ အစာမကြေခြင်းကစသည်



စာရေးသူ ကြည်လွင်မြင့်(မုဒြာ)၏ ရောဂါမှန်သမျှ အစာမကြေခြင်းကစသည် စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

၎င်းစာအုပ်ပါ ဆောင်းပါးများမှာ အနေအထိုင်မှား၊ အစားအသောက်မှား၍ မဖြစ်သင့်ဘဲ ရောဂါဝေဒနာဖြစ်ရခြင်းများကို အနည်းငယ်ပြုပြင်ရုံမျှဖြင့် ၎င်းဝေဒနာဆိုးများမှ လွတ်ကင်းနိုင်ကြောင်း ရေးသားတင်ပြထားသည်။ ရောဂါမှန်သမျှ အစာမကြေခြင်းက စသည်၊ လူတစ်ယောက် အစာအိမ်နှစ်ခု၊ အစာစားချင်စိတ်မရှိတာ ဘာကြောင့်လဲ၊ လေဖြတ်ခြင်းကို ကာကွယ်နိုင်သည့် ရေနွေးကြမ်း၊ သင့်အလုပ်စားပွဲပေါ်တွင် သစ်ပင်စိုက်ပါ စသည့် အကြောင်းအရာများကို ရေးသားထားပြီး နေ့စဉ် နေထိုင်စားသောက်မှုဘ၀အတွင်းမှ လက်တွေ့ကျသော ဆောင်ရန်၊ ရှောင်ရန်များကို တိုင်းရင်းဆေး အယူအဆရှုထောင့်မှ ဖော်ပြထားသည်။

ယင်းစာအုပ်ကို အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

## အမျိုးသမီးရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ စာအုပ်ထုတ်ဝေ



ဒေါက်တာဆရာမြင့်(စကြာမင်း)၏ အမျိုးသမီးရောဂါသိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ စာအုပ်ကို ရန်အောင်စာပေမှ တတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

၎င်းစာအုပ်တွင် အရွယ်သုံးပါး မိန်းမသားများတွင် ဖြစ်လေ့ဖြစ်ထရှိသော မီးယပ်ရောဂါ အမျိုးမျိုးကို ကာကွယ်၊ကုသ၊နေထိုင်၊စားသောက်နည်းများကို ဆရာတစ်ဦးအနားမှ စီစဉ်ညွှန်ကြားနေသကဲ့သို့ အကျိုးကျေးဇူးများပေးစွမ်းနိုင်ခြင်းကြောင့် တတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ရပါကြောင်း စာရေးသူက ဖွင့်ဆိုထားသည်။ ဒေါက်တာဆရာမြင့်(စကြာမင်း)သည် အမျိုးသမီးရောဂါသိကောင်းစရာနှင့် ကာကွယ်ကုသနည်းများနှင့်အတူ အမျိုးသားရောဂါသိကောင်းစရာနှင့် ကာကွယ်ကုသနည်းများစာအုပ်ကိုလည်း ပြုစုထားပြီး ရန်အောင်စာပေ ဖုန်း-၀၉-၅၁၇၉၃၉၈ နှင့် ၀၉-၇၃၂၂၃၄၂၁ မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနတွင်းအားကစားပြိုင်ပွဲ၊ မိသားစုပျော်ပွဲရွှင်ပွဲနှင့် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးထူးချွန်ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနတွင်းအားကစားပြိုင်ပွဲ၊ မိသားစုပျော်ပွဲရွှင်ပွဲများနှင့် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘဏ်များဇုန်၊ မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီးတို့ တက်ရောက်အားပေးကြသည်။



အဆိုပါ အားကစားပြိုင်ပွဲ၊ မိသားစုပျော်ပွဲရွှင်ပွဲများသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ထမ်းမိသားစုဝင်များ၏ ရင်သွေးငယ်များ ပြေးပွဲပြိုင်ပွဲများကို ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ယှဉ်ပြိုင်ကစားမှု၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အကောက်ခွန်ဦးစီးဌာနတို့ ယှဉ်ပြိုင်ကစားမှုနှင့် အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲအစီအစဉ်ကို ကျင်းပရာ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ဆုရသူများ၊ အမျိုးသားနှစ်ယောက်တွဲ ဆုရသူများ၊ အမျိုးသမီးတစ်ဦးချင်း ဆုရသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဆုရသူများ၊ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ဆုရသူများ၊ အမျိုးသားနှစ်ယောက်တွဲ ဆုရသူများ၊ အမျိုးသမီးတစ်ဦးချင်း ဆုရသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဆုရသူများ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ ဒုတိယဆုရ ပြည်တွင်းအခွန်များဦးစီးဌာနအသင်း၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ မြန်မာ့စီးပွားရေးဘဏ်အသင်း၊ ဒုတိယဆုရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ အမျိုးသား လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ ပြည်တွင်းအခွန်များဦးစီးဌာနအသင်းနှင့် ဒုတိယဆုရ မြန်မာ့စီးပွားရေးဘဏ် အသင်းတို့အား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းနှင့်ဘဏ်များမှဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ဒုတိယဆုရ မြန်မာ့စီးပွားရေးဘဏ်အသင်းတို့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ အကောက်ခွန်ဦးစီးဌာန အသင်းနှင့် ဒုတိယဆုရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းတို့အား ဒုတိယဝန်ကြီး ဦးဝင်းသန်းက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ တစ်ဦးချင်းအကောင်းဆုံး ဆုရရှိသူများနှင့် တိုက်အလိုက် အကောင်းဆုံး ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနား အပြီး၌ ဝန်ထမ်းများသည် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲဖောက်ခြင်းများဖြင့် တပျော်တပါးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနတွင်း အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ကိုယ်စားလှယ်ရုံး ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် ကိုယ်စားလှယ်ရုံး (BIDV)က ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပညာထူးချွန်သည့် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူ ၅၀ တို့အား အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ညီမျှသော ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) နီလာရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်စန်းရီက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung က အမှာစကားပြောကြားပြီး ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် ကိုယ်စားလှယ်ရုံးခွဲမှ Rep: Chief ဖြစ်သူ Mr. Vuong Thanh Long က ပညာသင်ဆုချီးမြှင့်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံအမတ်ကြီး H.E. Mr.Chu Cong Phung , Mr. Vuong Thanh Long နှင့် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်စန်းရီတို့က ပညာသင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်စန်းရီက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို Mr. Vuong Thanh Long ထံ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)




**မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung က မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် ကိုယ်စားလှယ်ရုံး (BIDV)က ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပညာထူးချွန်သည့် ဘွဲ့ကြိုကျောင်းသူတစ်ဦးအား ပညာသင်ဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ပထမအကြိမ် လွတ်လပ်ရေးနေ့ မသန်စွမ်း အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ စီစဉ်ကြီးကြပ်မှုဖြင့် ပထမအကြိမ် လွတ်လပ်ရေးနေ့ မသန်စွမ်းအားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့နယ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူမည်သူမဆို ပါဝင်နိုင်ပြီး ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဖုန်း-၂၃၀၀၃၂၉၊ ၂၃၀၀၃၃၂၊ ၂၁၅၉၃၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ညောင်တုန်းမြို့နယ်အသင်း သက်ကြီးပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၇၃)နှစ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်/အခြားထူးချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် စည်းဝေးပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ကြားတောရလမ်း ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်ရာ (၇၅)နှစ်ပြည့်ပြီး ကန်တော့ခံမည့် သူများနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူ၊ ပါရဂူဘွဲ့ရသူများနှင့် အခြားထူးချွန်ဆုရရှိသူများသည် ဥက္ကဋ္ဌ ဦးစိုးသိမ်း ဖုန်း-၅၇၇၆၇၁၊ ဖုန်း-၀၉-၈၆၃၂၂၃၀နှင့် အတွင်းရေးမှူး ဦးစံမြင့် ဖုန်း-၀၉-၇၃၀၃၁၇၆၈၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၀၉-၅၁၁၄၁၂၅၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၇၃၀၃၇၄၉၆၊ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁၂-၂၀၁၁ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုပ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၇၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၅)**
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၅)
- ၈း၅၅ နတ်စင်တစ်ရာကျောင်းတိုက်မှ စတုဒိသာ အလှူတော်နှင့် ပရိနိဗ္ဗာနဓာတုစေတီတော် ဌာပနာပိတ်မင်္ဂလာ
- ၉း၁၀ ကျေးဇူးဂုဏ်ရည်မှန်း T.H.S ကန်တော့ပန်း
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၉း၅၅ New Fashion Designer Group ရဲ့ပညာဒါနဖြန့်ဝေပေးမှု
- ၁၀း၁၀ လွယ်ကူသက်သာစားစရာ "ကျောက်ဖရုံယိုပြုလုပ်နည်း"
- ၁၀း၂၅ ကြည်ညိုဖွယ်ဗုဒ္ဓဆင်းတုတော် အဆူဆူသီတင်းသုံးတော်မူရာ "ပဒုမ္မာ"
- ၁၀း၅၀ သွားမယ်စားမယ်
- ၁၁း၁၀ စတိုင်သစ်လွင် CURRENT FASHION
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၀)**
- ၁၂း၁၀ Activities In The City
- ၁၂း၃၀ မဇ္ဈိမဒေသသံဝေဇနိယလေးဌာန
- ၁း၀၀ "ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ aroma ၏ထူးခြားဆန်းပြားသော Wedding Dress များ
- ၂း၅၀ ချင်းတွင်းစာပေခရီး (၂၀၁၁)
- ၃း၀၀ MFF Community Shield (Ayeyawady Utd Vs Yangon Utd) (LIVE)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၃)**
- ၇း၄၀ Fashion Week
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Movie Talk
- ၈း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၀၅ ပရိမီယာလိဂ်ရင်ခုန်သံ
- ၉း၂၅ Barclays Premier League (Arsenal Vs QPR)
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၆)**
- ၁၂း၁၅ VJ Choice
- ၁၂း၄၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
- ၁း၀၅ World of Knowledge
- ၁း၅၅ ရေဆန်စီးတဲ့မြစ်
- ၂း၂၅ သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
- ၂း၄၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ
- ၃း၃၀ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
- ၃း၃၅ အောင်မြင်သူတို့ဘ၀ (ကျော်ကြားသူတို့နားခိုရာ)
- ၄း၀၀ ထန်းသမားတို့ဘ၀
- ၄း၁၅ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
- ၄း၄၀ ရလဒ်ကောင်းများနှင့် Organic
- ၄း၅၀ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၁)
- ၅း၀၀ အစီအစဉ်ပြီး။

### Barclays PremierLeague ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Man U - Blackburn Rover | (ESPN) |
| ၉း၂၅ | Chelsea - Aston Villa | (ESPN) |
| ၉း၂၅ | Arsenal - QPR | Star Sports) (MRTV-4) |

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန်  ဒီဇင်ဘာ  ၃၀**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အောင်ပွဲရမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Trader Hotel (kon Boung) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့က ချီးကျူးဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်သို့ အလှူငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ သိရောမဏိ ကျောက်မျက်ရတနာကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းထွန်းက ငွေကျပ်သိန်း ၁၅၀၊ စိန်လင်းရတနာ ကျောက်မျက်ကုမ္ပဏီမှ ဦးရုံးမူနှင့် လက်ကီးစတားကျောက်မျက်ရတနာကုမ္ပဏီမှ ဦးအောင်မြင့်က ငွေကျပ် သိန်း ၂၀ စီ၊ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးအေးကြည်နှင့် မင်းဇာနည်ကုမ္ပဏီမှ ဦးညိုမင်းတို့က ငွေကျပ် ၁၅ သိန်းစီ၊ ရတနာစန်းရွှင်ကျောက်မျက်ရတနာကုမ္ပဏီမှ ဦးဝမ်ချင်းဆွေ၊ ခိုင်ဟိန်းကျောက်မျက်ရတနာကုမ္ပဏီမှ ဦးဝမ်ဒီနှင့် အမှတ်(၇) ပါရမီအိမ်ရာ ပါရမီလမ်း လှိုင်မြို့နယ်မှ ဦးလှခိုင်တို့က ငွေကျပ် ၁၀ သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဂျူဒိုအားကစားနည်းတာဝန်ခံနာယက ဒေါ်လင်းလင်းတင်က (-၇၈)ကီလိုတန်းမှရွှေတံဆိပ်ဆုရှင် အေးအေးအောင်အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၈၀၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ**(ယာပုံ)**က (-၇၀)ကီလိုတန်းမှ ငွေတံဆိပ်ဆုရှင် သန္တာဝင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က (-၉၀)ကီလိုတန်းမှ ငွေတံဆိပ်ဆုရှင် ဇင်လင်းအောင်အား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်က (-၈၁)ကီလိုတန်းမှ ငွေတံဆိပ်ဆုရှင် ရန်နိုင်စိုးအား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက (-၇၃)ကီလိုတန်းမှ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မြဝင်းက (-၅၂)ကီလိုတန်းမှ ငွေတံဆိပ်ဆုရှင် သဉ္ဇာစိုးအား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက (-၅၅)ကီလိုတန်းမှ ကြေးတံဆိပ်ဆုရှင် ကပ်ကျင်းပေါင်အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ရွှေသက်က (-၄၅)ကီလိုတန်းမှ ကြေးတံဆိပ်ဆုရှင် ဆဲလ်ဝီးအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းတို့ကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ပြီး ယနေ့



ငွေတံဆိပ်ဆုရှင် သူရဇော်အား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (-၆၀)ကီလိုတန်းမှ ငွေတံဆိပ်ဆုရှင် ဟိန်းလတ်ဇော်အား ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဂုဏ်ပြုဆုငွေ စုစုပေါင်းငွေကျပ် သိန်း ၁၉၀ ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ သိရောမဏိ ကျောက်မျက်ရတနာကုမ္ပဏီနှင့် လုပ်ငန်းရှင်များက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးအေးကြူ အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးဖွင့်လှစ်

**နေပြည်တော်  ဒီဇင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်အားပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဂေါက်သီးရိုက်ပြိုင်ပွဲဝင် အားကစားသမားများသည် ကွင်းအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာယူကြပြီး ဒုတိယဝန်ကြီးက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွန့်ရွှေတို့က ပြိုင်ပွဲကိုဖွင့်လှစ်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင် အားကစားသမားများသည် ပွဲစဉ်အတိုင်း ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆဋ္ဌမနေ့တွင် အမျိုးသားဘောလုံး (ကွာတားဖိုင်နယ်)၊ အမျိုးသမီးဘောလုံး(ကွာတားဖိုင်နယ်)၊ အမျိုးသားဘတ်စကက်ဘော (ဆီမီးဖိုင်နယ်)၊ အမျိုးသမီးဘတ်စကက်ဘော (ဆီမီးဖိုင်နယ်)၊ အမျိုးသားဘော်လီဘော၊ အမျိုးသမီးဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂျူနီယာတင်းနစ်၊ မီနီတင်းနစ်နှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို သက်ဆိုင်ရာ အားကစားကွင်း၊ အားကစားရုံများ၌ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက(၂)ကမာရွတ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန်  ဒီဇင်ဘာ  ၃၀**

ယနေ့ညနေ ၅ နာရီခွဲခန့်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားကာ ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း ကနဦးသတင်းများအရ သိရှိရသည်။**(အောက်ပုံ)**

မီးလောင်မှုကြောင့် ကျောင်းဆောင်ရှိ ကွန်ပျူတာခန်း၊ ပန်းချီပန်းပုခန်းများ မီးလောင်ပျက်စီးသွားခဲ့ကြောင်း၊ ကွန်ပျူတာခန်းမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာခန်းအတွင်းရှိ ကွန်ပျူတာများလည်း ပျက်စီးဆုံးရှုံးသွားဖွယ်ရှိကြောင်း သိရှိရသည်။

ပွင့်လင်းရာသီတွင် နှစ်စဉ်နိုင်ငံတစ်ဝန်း၌ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေရာ ပြည်သူအားလုံးက ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မီးဘေးကြောင့် မိမိတို့ ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိရလေအောင် သတိပြုကြိုတင်ကာကွယ်ကြရန် လိုကြောင်း သတိပေးနှိုးဆော်လိုက်ရပါသည်။

(သတင်းစဉ်)



# မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရန်ကုန်  ဒီဇင်ဘာ  ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်ရှိ ရာကျော်ကျောင်းကြီး၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနအောက်ရှိ ဒဂုံရောပွဲရုံနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်း၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်း၊ နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေးစခန်းနှင့် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတို့က ဆန်အိတ် ၇၀၊ ကြက်သွန်နီ ပိဿာ ၈၀၊ ငါးခြောက်မျိုးစုံ ပိဿာ ၂၀၀၊ ငံပြာရည် ၁၅ ပိဿာ၊ ၁၂၁ ဘူး၊ စိမ်းစားငါးပိ ပိဿာ ၁၇၀၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၄၅ ပိဿာ၊ ခေါက်ဆွဲခြောက် တစ်အိတ် သုံးဖာနှင့် ကြာဆံအိတ် တစ်အိတ်၊ စားသောက်ကုန်များနှင့် ဒဂုံရောပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းက ငွေကျပ် သုံးသိန်း၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းက ငွေကျပ် ငါးသိန်း၊ နံ့သာကုန်း စက်ဘီးနှင့် ယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေးစခန်းက ငွေကျပ် တစ်သိန်း၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းက ငွေကျပ် ၂၇၅၀၀၀ နှင့် ဦးအောင်ထွေး(ကိုင်ရှိ)က ငွေကျပ် ၂၅ သိန်းတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးထင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းထံ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆိုင်ကလုန်းမုန်တိုင်း အိန္ဒိယတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

ယနေ့ နံနက် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး "သိမ်း" (THANE) သည် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးကမ်းခြေကို ချင်းနိုင် (Chennai) မြို့တောင်ဘက်မှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

ဆိုင်ကလုန်းမုန်တိုင်းကြီး၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တစ်ပြည်လုံးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် ကသာမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး "သိမ်း" (THANE) သည် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးကမ်းခြေကို ချင်းနိုင် (Chennai) မြို့ တောင်ဘက်မှ ဖြတ်ကျော်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

# လမ်းဖောက်လုပ်ရေးလုပ်ငန်းမှ နေ့စားဝန်ထမ်းခြောက်ဦးအား သောင်းကျန်းသူအဖွဲ့က သုံးဦး သတ်ဖြတ်၊ သုံးဦး ဖမ်းဆီးသွား

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

မိုင်းပန်-မုံးထ-မုံးထော် လမ်းဖောက်လုပ်ရေးလုပ်ငန်းမှ နေ့စားအလုပ်သမားများဖြစ်ကြသော ဦးကျော်ဝင်းသိန်း(စက်မောင်းအကူ)၊ ဦးအောင်ထက်ပိုင်(ယာဉ်မောင်းအကူ)၊ ဦးရဲဇော်အောင်(ယာဉ်မောင်းအကူ)၊ ဦးစိုင်းအောင်မြတ်လင်း(ခ) ဦးစိုင်းအွတ်(ယာဉ်မောင်းအကူ)၊ ဦးတင်ဝင်းထွန်း(အကူစာရေး)နှင့် ဦးထင်ဇီ(အထွေထွေလုပ်သား) စုစုပေါင်း ခြောက်ဦးသည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မိုင်းပန်မြို့တောင်ဘက်သို့ ထွက်ခွာသွားပြီးနောက် ပျောက်ဆုံးနေခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းတွင် တာဝန်ရှိသူများသည် သတင်းအရ နောင်လုံကျေးရွာ၏ အရှေ့တောင်ဘက်သို့ သွားရောက်စစ်ဆေးရာ ဦးကျော်ဝင်းသိန်း၊ ဦးတင်ဝင်းထွန်းနှင့် ဦးအောင်ထက်ပိုင်တို့ သုံးဦးအား သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ကျန်ရှိသည့်သုံးဦးအား ဖမ်းဆီးသွားကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မျက်နှာချင်းဆိုင်ယာဉ်အား ရှောင်တိမ်းမောင်းနှင်ရာမှ ဆိုင်ကယ်နှင့် လူကို တိုက်မိ၍ အသက်ဆုံးရှုံး

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ရေသန့်နှင့် အချိုရည်များ တင်ဆောင်ပြီး ညောင်ဦးမှ ရေနံချောင်းသို့ ယာဉ်မောင်း ဦးအောင်ကိုလတ် မောင်းနှင်လာသော Nissan ယာဉ်သည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၆၃/၅)နှင့် (၃၆၃/၆) ကြားရှိ ခနသိဒ္ဓိတံတား၌ အနောက်ဘက်ခြမ်းမှ ရေနံပိုက်လိုင်းများ တင်ဆောင်မောင်းနှင်လာသော မျက်နှာချင်းဆိုင်ယာဉ်အား ရှောင်တိမ်းရာမှ လမ်းဘေးမြောက်ဘက်ခြမ်းတွင် ရပ်ထားသော ဆိုင်ကယ်နှင့် လက်ခုတ်ပင်ကျေးရွာနေ ဦးသန်းထွန်း အသက် (၃၅)နှစ်၊ (ဘ)ဦးသာဆန်းအား တိုက်မိခဲ့ရာ ဦးသန်းထွန်းမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက် တနင်္ဂနွေနေ့တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆၁/၂၀၁၁)ကို ဒီဇင်ဘာ ၂၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၆၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၄ (ဂ)နှင့် နည်းဥပဒေ ၁၆ (က)တို့အရ **၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်) တနင်္ဂနွေနေ့**တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| ၁။ ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားကန့် |
| ၂။ မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကောင်း |
| ၃။ ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗန်းမော် |
| ၄။ စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စစ်ကိုင်း |
| ၅။ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲ |
| ၆။ မင်းကင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းကင်း |
| ၇။ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျွန်းစု |
| ၈။ လောင်းလုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောင်းလုံ |
| ၉။ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ငူ |
| ၁၀။ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်းတပင် |
| ၁၁။ သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သနပ်ပင် |
| ၁၂။ လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လက်ပံတန်း |
| ၁၃။ မကွေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မကွေး |
| ၁၄။ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြို |
| ၁၅။ မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင် |
| ၁၆။ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပခုက္ကူ |
| ၁၇။ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပွင့်ဖြူ |
| ၁၈။ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇမ္ဗူသီရိ |
| ၁၉။ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဗ္ဗသီရိ |
| ၂၀။ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒက္ခိဏသီရိ |
| ၂၁။ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဥတ္တရသီရိ |
| ၂၂။ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်ပန်းတောင်း |
| ၂၃။ နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီး |
| ၂၄။ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဟာအောင်မြေ |
| ၂၅။ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တံတားဦး |
| ၂၆။ မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိတ္ထီလာ |
| ၂၇။ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပြင်ဦးလွင် |
| ၂၈။ မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မော်လမြိုင် |
| ၂၉။ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| ၃၀။ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သုံးခွ |
| ၃၁။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| ၃၂။ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်္ဂလာတောင်ညွန့် |
| ၃၃။ လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှည်းကူး |
| ၃၄။ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မရမ်းကုန်း |
| ၃၅။ ကလောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလော |
| ၃၆။ ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုသိမ် |
| ၃၇။ မအူပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မအူပင် |
| ၃၈။ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်းမြ |
| ၃၉။ ဝါးခယ်မမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝါးခယ်မ |
| ၄၀။ မြန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြန်အောင် |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| ၁။ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃) | ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည် |
| ၂။ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇) | ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး |
| ၃။ ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇) | အုတ်တွင်း၊ ထန်းတပင် |
| ၄။ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၄) | တောင်တွင်းကြီး |
| ၅။ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃) | လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ သိန္နီ၊ကွမ်းလုံ |
| ၆။ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၀) | ဖျာပုံ၊ ဒေးဒရဲ |

| **လစ်လပ်တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| ၁။ ကဝမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | ကဝ |
| ၂။ ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | ရေကြည် |

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ အတည်ပြုကြေညာခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆၂/၂၀၁၁)ကို ဒီဇင်ဘာ ၂၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၆၂/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ အတည်ပြုကြေညာခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင် တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်) |
| (ခ) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်) |
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်) |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများစိစစ်မည့်နေ့ရက် | ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၃ ရက်အထိ (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ) |

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ယခင်ဖောင်ပယ်ဖျက်၍ ယခုဖောင် အတည်ပြုပေးပါရန်